# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 3 , 2023 Volume 68, Number 1

၃.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ပြည်တွင်းစားသုံးဆီဈေးနှုန်း ကျဆင်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဇူလိုင် ၁ ရက် နေ့လည်ပိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးဆီတင်သွင်းဖြန့်ဖြူးနေသည့် ကုမ္ပဏီများနှင့်တွေ့ဆုံ၍ စားသုံးဆီတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဈေးကွက်ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်ကျဆင်းစေရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယမန်နေ့ကကျင်းပခဲ့သော နိုင်ငံ့စီးပွားမြှင့်တင်ရေး အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သည်များအား ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက စားသုံးဆီများ ပြည်ပမှ တင်သွင်းရာတွင် စနစ်တကျရှိစေရေးနှင့် ဈေးကွက်သို့ဖြန့်ဖြူးရောင်းချရာတွင်လည်း သင့်တင့်မျှတသည့်ဈေးနှုန်းဖြစ်ရေးအတွက် စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများ အနေဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချရေးတို့နှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးပြောကြားပါသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များနှင့် စားသုံးဆီတင်သွင်းသည့်ကုမ္ပဏီများက စားသုံးဆီတင်သွင်းရောက်ရှိမည့် အခြေအနေများနှင့် ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရေးနှင့် သတ်မှတ်ဈေးနှုန်းအတိုင်း ဈေးကွက်သို့ဖြန့်ဖြူးရောင်းချရေး စီမံဆောင်ရွက်သွားမည့်အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ လိုအပ်ချက်များကို လမ်းညွှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/ %E1%80%94%E1%80% B1%E1%80%AC%E1% 80% 80%E1%80%

## သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (WAREHOUSE RECEIPT FINANCING SYSTEM) အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်း၍ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ တွင် ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တောင်သူများအတွက် သီးနှံအာမခံစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သိုလှောင်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ ပြည့်စုံလုံလောက်မှုရှိပြီး အရည်အသွေးပြည့်မီသော ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် လယ်ယာစီးပွားလုပ်ငန်းများ ပိုမိုထွန်းကားလာကာ လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုကို လျှော့ချနိုင်စေရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်း၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်သည် တောင်သူများအတွက် သိုလှောင်ရုံများတွင် သီးနှံကို အပေါင်စနစ်အဖြစ် အပ်နှံပြီးရရှိလာသည့် ကုန်အပ်လက်မှတ်ကို အသုံးပြု၍ ဘဏ်များတွင် ချေးငွေရယူနိုင်မည့်စနစ်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်တွင် တောင်သူများသည် သီးနှံပိုင်ရှင်ကုန်အပ်သူ၊ ကျေးလက်ဒေသရှိ သိုလှောင်ရုံပိုင်ရှင်များသည် သိုလှောင်ရုံကုန်အပ်လက်မှတ်ထုတ်ပေးသူ၊ အစိုးရနှင့်ပုဂ္ဂလိကဘဏ်များသည် သိုလှောင်ရုံကုန်အပ် လက်မှတ်အပေါ်အခြေခံ၍ ချေးငွေထုတ်ပေးသူ၊ အစိုးရဌာန အဖွဲ့အစည်းများသည် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းချမှတ်သူများအနေဖြင့် ပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ သီးနှံပေါ်ချိန်တွင် စပါးပေါက်ဈေး ကျဆင်းနေမှုကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိမှု လျော့နည်းလာခြင်းကို ကာကွယ်တားဆီးနိုင်ပြီး နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းနိုင်မည်ဖြစ်သည့်အပြင် ဆန်စပါးဈေးနှုန်း တည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏သိုလှောင်ရုံစနစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် အရည်အသွေးပြည့်မီသည့် သီးနှံများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပို့ကုန်ဝင်ငွေတိုးမြှင့်ကာ နိုင်ငံ့စီးပွားပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစိုးရ-ပုဂ္ဂလိက နှစ်ဦးနှစ်ဖက်ပူးပေါင်း၍ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်စပါးဥပဒေကို ရေးဆွဲပြုစုလျက်ရှိပြီး မကြာမီပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေတွင် ရိတ်သိမ်းချိန်လွန်နောက်ပိုင်း ကိုင်တွယ်ထိန်းသိမ်းမှုများအတွက် အဓိကကျသည့်လုပ်ငန်းစဉ်များအား စနစ်တကျထိန်းကျောင်းကြပ်မတ်နိုင်စေရေး ထည့်သွင်းရေးဆွဲထားပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များမှ Presentation ရှင်းလင်းဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းများဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်မူဝါဒများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေး ဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့်တကွ သက်ဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%

## ၂၆.၆.၂၀၂၃ မှ ၃၀.၆.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲကတော့ ဆက်တိုက်ဈေးကျဆင်းပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားလျော့နည်းခြင်းကြောင့် ဈေးတွေ ကျဆင်းလာတာဖြစ်တယ်လို့ သိရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ စိုက်ပျိုးရေးသတင်းများအရ အိန္ဒိယနိုင်ငံအတွင်း မုတ်သုံအဝင် နောက်ကျတဲ့အတွက် မတ်ပဲစိုက်ပျိုးမှု နောက်ကျနိုင်ခြင်းကြောင့် ပဲဈေးက ဈေးတွေမြင့်တက်လာနိုင်ဦးမယ်လို့ ဖော်ပြထားပါတယ်။

ပြည်တွင်းမှာလည်း မတ်ပဲက ဆက်ပြီး ဈေးတက်နိုင်ချေရှိသေးတယ်ဆိုတဲ့ ခန့်မှန်းချက်တွေအပြင် ငွေလဲလှယ်နှုန်းဈေးက မြင့်တက်နေတာဖြစ်လို့ လက်ရှိ ဈေးက ကျဆင်းပေမယ့် လှောင်ထားဆဲ အခြေအနေမှာရှိနေတယ်လို့ ကုန်သည်အချို့ကဆိုပါတယ်။

အိန္ဒိယတင်ပို့မှုကတော့ ပုံမှန်သတ်မှတ်ထားတဲ့ တန်ချိန်အတိုင်း တင်ပို့သွားမှာဖြစ်ပြီး မတ်ပဲဈေး မြင့်တက်နေတာနဲ့ ပတ်သတ်ပြီး အိန္ဒိယနိုင်ငံက ထိန်းချုပ်မှုတွေပြုလုပ်နေပေမယ့် ထူးခြားမှုမရှိပါဘူး။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက FAQ/RC က တစ်တန်ကို ၂၂၆၃၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၆၆၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ ဈေးကျဆင်းပေမယ့် တစ်လအတွင်း အနည်းငယ်သာ အပြောင်းအလဲ ရှိနေခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာတော့ သုံးတင်းဝင် တစ်အိတ်ကို ၂၁၅၀၀၀ ကနေ ၂၂၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ မုံရွာ၊ ပြည်၊ မကွေးတို့မှာလည်း တစ်တင်းကို ၇၂၅၀၀ ကနေ ၇၄၀၀၀ ကြားပေါက်ဈေးရှိနေပြီး ၄၀၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ တစ်တန်ကို သိန်း ၃၀ အောက်ထိ ဈေးကျဆင်းသွားခဲ့ပြီး ပိတ်ရက်အပြီးမှာ ဈေးပြန် မြင့်တက်လာခဲ့ပါတယ်။ ပဲစင်းငုံနီဈေးတွေ မြင့်တက်နေပေမယ့် ပဲလက်ကျန်မရှိသလောက် အခြေအနေဖြစ်နေတယ်လို့ ကုန်သည်အများစုထံကနေသိရပါတယ်။ ငွေလဲလှယ်နှုန်း မြင့်တက်မှုကြောင့် ပဲဈေးကလည်း အနည်းငယ်မြင့်တက်လာခဲ့ပေမယ့် ငွေဈေးကြောင့် ပဲဈေးမြင့်ခြင်းက သက်ဆိုင်မှုမရှိဘူးလို့ ပဲကုန်သည်အသင်းက တာဝန်ရှိသူတွေက ဆိုထားပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ ပဲစင်းငုံနီဈေးတွေ မြင့်တက်မှုကြောင့် အရန်ပဲတွေထုတ်ရောင်းပေမယ့် ဈေးကကျဆင်းမှုမရှိဘူးလို့ အိန္ဒိယသတင်းတွေအရ သိရပါတယ်။ အာဖရိက ပဲစင်းငုံနီကို လာမယ့်ဩဂုတ်လအတွင်း တင်သွင်းသွားမှာဖြစ်လို့ ပဲစင်းငုံနီက ဈေးကျဆင်းသွားနိုင်ဦးမှာလား ဆက်ပြီးစောင့်ကြည့်ရမယ့် အခြေအနေဖြစ်ပါတယ်။ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးခဲ့တဲ့ ပဲစင်းငုံနီက အထွက်နှုန်းလျော့နည်းခဲ့ပြီး ဈေးတွေ မြင့်တက်ခဲ့တာဖြစ်ပါတယ်။ ဒေသတွင်းပဲဈေးကို ထိန်းချုပ်ဖို့အတွက် အရန်ပဲထုတ်ရောင်းခြင်း၊ ပဲသိုလှောင်မှုတွေကို စစ်ဆေးကြပ်မတ်ခြင်းတို့ ပြုလုပ်နေပေမယ့် အနည်းငယ်သာ ဈေးကျဆင်းသွားခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၃၀၁၅၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ၃၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ တစ်လအတွင်း စံချိန်တင်ဈေးပြောင်းလဲမှုတွေရှိခဲ့ပေမယ့် ပြီးခဲ့တဲ့လ ကာလတူ အခြေအနေနဲ့ နှိုင်းယှဉ်ရင် လက်ရှိပဲစင်းငုံနီဈေးဟာ အမြင့်ဈေးမှာပဲ ရှိနေပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၈၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ အခြား နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ ပခုက္ကူဈေးကွက်၊ အောင်လံဈေးကွက်၊ မုံရွာဈေးကွက်နဲ့ ပြည်ဈေးကွက်တို့မှာ ပဲစင်းငုံနီ တစ်တင်းကို ၉၂၀၀၀ ကနေ ၉၅၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၄၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးကတော့ ဆက်ပြီး ဈေးကျဆင်းနေပေမယ့် ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေကလောက် ဈေးအကျမကြမ်းတာကို တွေ့ရပါတယ်။ အဝင်ကလည်း လျော့နည်းသွားတဲ့အပြင် အဝယ်ကလည်းဆက်ပြီး ဈေးအကျကို စောင့်နေတဲ့အခြေအနေ ရှိနေတယ်လို့ ကုန်သည်အချို့ထံကနေ သိရပါတယ်။ ကုလားပဲဈေးမြင့်တက်မှုက စံချိန်တင်ဈေးမြင့်တက်ခဲ့တာ ဖြစ်တဲ့အတွက် အဝယ်သမားတွေ ဈေးမလိုက်တော့တဲ့အခြေအနေထိဖြစ်ခဲ့ပြီး ပြည်ပကနေတဆင့် ပြန်လည်တင်သွင်းရောင်းချမှုတွေကြောင့် ဈေးက ဆက်တိုက်ပြန်ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ကုလားပဲကတော့ ဈေးတန်းတစ်ခုအထိ ကျဆင်းနိုင်မယ့်အခြေအနေ ရှိနေတယ်လို့ ကုန်သည်တွေက ခန့်မှန်းထားကြပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၄၁၆၅ ကနေ ၄၂၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၄၃၃၀ ကနေ ၄၄၂၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၅၇၀၀ ကနေ ၅၈၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ကုလားပဲ(ထိုင်ဝမ်)က တစ်အိတ်ကို ၂၄၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်၊ ကုလားပဲ(929)က တစ်အိတ်ကို ၂၄၈၀၀၀ မှ ၂၅၀၀၀၀ ကျပ်ရှိပြီး ၂၀၀၀ ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၂၅၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ် အသီးသီးဈေးကျဆင်းသွားပါတယ်။

အောင်လံဈေးကွက်မှာလည်း ကုလားပဲ(ဟော်လန်)နှင့် မြကြေးမုံတို့က တစ်တင်းကို ၈၇၀၀၀ ကနေ ၈၈၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

လက်ရှိပေါက်ဈေးနှုန်းတွေက ပြီးခဲ့တဲ့လနဲ့ နှိုင်းယှဉ်ရင်တော့ အမြင့်ဈေးမှာရှိနေပါတယ်။ တစ်လအတွင်း စံချိန်တင် ဈေးမြင့်တက်နေရာမှ ပြန်လည်ကျဆင်းသွားခဲ့တာ ဖြစ်ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ တစ်ပတ်အတွင်း ဈေးအပြောင်းအလဲမရှိပေမယ့် ပိတ်ရက်အပြီး အနည်းငယ် အဝယ်သွက်သွားသည့် အတွက် ဈေးကအနည်းငယ် ပြန်မြင့်တက်လာပါတယ်။ နေ့စဉ်ဈေးကွက်ထဲကို ကြက်သွန်ပိဿာချိန် ၁၅၀၀၀၀ ခန့် အဝင်ရှိနေပါတယ်။ ကြက်သွန်နီကတော့ ဈေးကွက်ထဲအဝင်များတဲ့အတွက် ဈေးအတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ နေ့စဉ်ဈေးကွက်ထဲကို ပိဿာချိန် ၁သိန်းအထက် အဝင်ရှိနေတယ်လို့ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကြက်သွန်နီ(ဆိပ်ဖြူ မုံရွာ)က တစ်ပိဿာကို ၁၈၉၀၀ ကနေ ၂၂၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၇၅ ကျပ် ဈေးမြင့်တက်နေပါတယ်။

ပခုက္ကူဈေးကွက်မှာတော့ တစ်ပိဿာကို ၁၇၀၀ ကနေ ၂၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅ ကျပ်ဈေး ကျဆင်းသွားပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူကတော့ ဈေးကွက်ထဲကို အဝင်နည်းတဲ့အတွက် ဈေးက ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ဈေးမြင့်နေပေမယ့် အဝယ်ကတော့ ပုံမှန်ရှိနေပါတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဈေးကွက်ထဲကို ပိဿာချိန် ၁၅၀၀၀ နီးပါး အဝင်ရှိပေမယ့် ပွဲတော်ပိတ်ရက်ကြောင့် အဝယ်သွက်နေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာကို ၇၂၀၀ ကနေ ၈၇၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ် ဈေးတက်လာပါတယ်။ တစ်လအတွင်း တစ်ပိဿာကို ငွေကျပ် ၂၇၀၀ ဈေးမြင့်တက်လာခဲ့ပါတယ်။ ကြူကုတ်ကလည်း တစ်ပိဿာကို ၇၂၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ်ဈေးတက်လာပါတယ်။

မော်လမြိုင်ဈေးကွက်မှာလည်း တစ်ပိဿာကို ၈၅၀၀ ကနေ ၉၅၀၀ ပေါက်ဈေးရှိပြီး အတက်ဈေးနဲ့ ဈေးငြိမ်နေပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ပို့ကုန်ရငွေ ကြိုတင်ပေးသွင်းရန်မလိုဘဲ ကုန်ပစ္စည်းတင်ပို့ခွင့်ပြု

နယ်စပ်ကုန်သွယ်ရေးကနေ ပို့ကုန်တင်ပို့မှုအတွက် ပို့ကုန်ကြိုတင်ငွေဝင်ရောက်ရမည့် (Advance Telegraphic Transfer-TT) စနစ်နဲ့ ခွင့်ပြုခြင်းကို ကုန်သွယ်ရေးဦးစီးဌာနက ပြန်လည်ဖြေလျှော့လိုက်ပါတယ်။

ဒါ့ကြောင့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနဲ့မြေပဲဆန်တို့ကို ယခုအခါ နယ်စပ်ကနေ ပြည်ပကိုတင်ပို့မယ်ဆိုရင် ပို့ကုန်ရငွေ ကြိုတင်ပေးသွင်းဖို့မလိုအပ်ဘဲ ကုန်ပစ္စည်းတင်ပို့ခွင့်ပြုသွားမှာလည်း ဖြစ်ပါတယ်။

ပို့ကုန်လုပ်ငန်းရှင်တွေ ကုန်ပစ္စည်းတင်ပို့မှု လွယ်ကူချောမွေ့စေရေးအတွက် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ခွင့်ပြုထား တယ်လို့ ကုန်သွယ်ရေးဦးစီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါတယ်။

သို့သော်လည်း သက်တမ်း ၃ နှစ်နဲ့အထက် ကုမ္ပဏီတွေအနေနဲ့ ပို့ကုန်လိုင်စင်လျှောက်ထားမယ့် ပို့ကုန်တန်ဖိုးစုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းကို အာမခံကြေးအဖြစ် ပေးသွင်းရမှာဖြစ်ပြီး သက်တမ်း ၃ နှစ်အောက် ကုမ္ပဏီတွေက အာမခံကြေးအဖြစ် ၃၅ ရာခိုင်နှုန်း ပေးသွင်းရမှာပါ။

ပို့ကုန်အတွက် အာမခံကြေးကို အမေရိကန်ဒေါ်လာ၊ ယွမ်၊ ဘတ်နဲ့ကျပ်စတဲ့ ငွေကြေးအမျိုးအစားတွေက အဆင်ပြေတဲ့ ငွေကြေးအမျိုးအစားနဲ့ သက်ဆိုင်ရာနယ်စပ်ဒေသ ဈေးကွက်ပေါက်ဈေးအတိုင်း ပေးသွင်းနိုင်တယ်လို့ ကြေညာထားပါတယ်။

ပို့ကုန်လုပ်ငန်းရှင်က ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သတ်မှတ်ထားတဲ့ အပ်နှံငွေပမာဏပြည့်မီကြောင်း PO Cheque အထောက်အထားကို နယ်စပ်ကုန်သွယ်ရေးဇုန်/စခန်းတွေမှာ ပြသအပ်နှံရမှာဖြစ်ပြီး သက်မှတ်ရက်အတွင်း ကုမ္ပဏီရဲ့ ငွေစာရင်းဆီ ပို့ကုန်ရငွေ ဝင်ရောက်လာခြင်းမရှိပါက အာမခံကြေးကိုသိမ်းယူမယ်လို့ အသိပေးထားပါတယ်။

**Source: BETV Business**

## သတ္တုတွင်းထွက်ပစ္စည်း ပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ ၆၇ သန်းကျော်ရရှိ

ယခုဘဏ္ဍာနှစ်အတွင်း ကျောက်စိမ်း၊ ကျောက်မျက်ရတနာအပါအဝင် သတ္တုတွင်းထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇ သန်းကျော်ရရှိထားကြောင်း သိရသည်။

အဆိုပါပမာဏမှာ ယမန်နှစ်ကာလတူ အခြေအနေနှင့်နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၂၉ သန်းကျော် လျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှု စာရင်းများအရ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ ဇွန်လ ၂၃ ရက်အထိ ပြည်ပသို့တင်ပို့ထားသည့် သတ္တုတွင်းထွက်ပစ္စည်းများ၏ ပို့ကုန်ဝင်ငွေအနေဖြင့် နိုင်ငံပိုင်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၆၄ သန်း၊ ပုဂ္ဂလိကကဏ္ဍကနေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄၈၂ သန်းတင်ပို့ထားခြင်း ဖြစ်သည်။

အဆိုပါ ပမာဏများအရ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်ကဏ္ဍမှ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှု မြင့်တက်လာပြီး ပုဂ္ဂလိကတင်ပို့မှုမှာ လျော့ကျနေကြောင်း သိရသည်။ ပြည်ပသို့တင်ပို့သည့် သတ္တုတွင်းထွက်ပစ္စည်းများတွင် ကျောက်မျက် ရတနာ၊ ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားသတ္တုအမျိုးမျိုးကို တင်ပို့နေကြောင်း သိရသည်။

**Source:** Popular News Journal

## ဆန်ဈေးဆွဲတင်သူများကို ထိန်းကြောင်းနိုင်မည့်စနစ်လိုအပ်နေဟု ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြော

ဆန်ဈေးနှုန်းကို ဆွဲတင်ပြီး အကျိုးအမြတ်ရရှိစေရေးအတွက် ဝိသမလောဘနဲ့ ဝင်ရောက်လုပ်ကိုင်နေသူတွေကို ထိန်းကြောင်းနိုင်မယ့် စနစ်တစ်ခုလိုအပ်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်-MRF ဥက္ကဋ္ဌက ပြောပါတယ်။

ဆန်ဈေးနဲ့စပါးဈေးနှုန်းတွေ မြင့်တက်လာပါက မှန်မှန်ကန်ကန်လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ စိုးရိမ်နေရပြီး ဈေးလှုပ်ခတ်တဲ့အခြေအနေတွေကြောင့် မိမိတို့ မေးမြန်းစုံစမ်းခံနိုင်မလားဆိုတဲ့ စိုးရိမ်စိတ်တွေဖြစ်ပေါ်နေရကြောင်း ဦးရဲမင်းအောင်က ဆိုပါတယ်။ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တဲ့သူတွေကတော့ ဈေးကိုဆွဲမတင်ပြီးတော့ သူ့အကျိုးအမြတ်တစ်ခုတည်းကိုပဲ စဉ်းစားသွားတယ်လို့ ၎င်းကပြောပါတယ်။

လက်ရှိမှာ တည်ငြိမ်တဲ့ ဆန်ဈေးကွက်နဲ့ ဈေးနှုန်းဖြစ်ပေါ်စေဖို့ဆိုပြီး MRF နဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ နေပြည်တော်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ မန္တလေးတိုင်းအတွင်း ဆန်စပါးသိုလှောင်မှုအခြေအနေတွေကို စတင်ကောက်ခံ စာရင်းပြုစုသွားဖို့ရှိပါတယ်။

ဒီအစီအစဉ်က သိုလှောင်ရုံတစ်နေရာမှာ စပါးတင်း ၅၀၀၀ ဒါမှမဟုတ် ဆန်တန် ၅၀ အထက် ပိုမို သိုလှောင်ထားရှိမှုအတွက် စာရင်းပြုစုတင်ပြရမှာဖြစ်ပြီး ဒီဂျစ်တယ်နည်းလမ်းနဲ့ မှတ်ပုံတင်စာရင်း တင်ပြဆောင်ရွက်နိုင်မယ့် အွန်လိုင်းမှတ်ပုံတင်စနစ် MYRO ကို အသုံးပြုသွားမှာပါ။

ဆန်စပါးသိုလှောင်မှုက ကိန်းဂဏန်းအချက်အလက်တွေ မသိလို့ရှိရင် ဆုံးဖြတ်ချက်တွေချတဲ့အခါမှာ ဘယ်လောက်ပိုလျှံလဲ။ ဘယ်လောက်ထွက်လဲ။ ဘယ်လောက်တော့ ပြည်တွင်းဈေးကွက်အတွက်ထားမယ်။ ဘယ်လောက်တော့ ပြည်ပတင်ပို့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ မှားနိုင်ပါတယ်လို့ ဥက္ကဋ္ဌဦးရဲမင်းအောင်က ပြောပါတယ်။

ဆန်စပါးသိုလှောင်ထားမှုအခြေအနေကို စာရင်းပြုစုကောက်ခံမယ်လို့ ကြေညာခဲ့ပြီးနောက်ပိုင်းမှာ ဆန်တစ်အိတ်ဈေးနှုန်း ပျမ်းမျှကျပ် (၅၀၀၀) ခန့် ပြန်လည်ကျဆင်းသွားတယ်လို့ MRF ဥက္ကဋ္ဌရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

**Source:** BETV Business

## သွင်းကုန်များကျဆင်းလာမှုကြောင့် မတ်လသုံးလပတ်တွင် အိန္ဒိယနိုင်ငံ၏ သာမန်စာရင်းလိုငွေကျဆင်း

အိန္ဒိယနိုင်ငံ၏ ပြည်ပငွေပေးငွေယူရှင်းတမ်းသာမန်စာရင်းလိုငွေပြမှု(CAD)သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှမတ်လအထိ သုံးလပတ်အတွင်း GDP ၏ ၀ ဒသမ ၂ ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းသွားကြောင်း သိရသည်။ ကုန်သွယ်မှုကွာဟချက်နည်းပါးခြင်းနှင့် ဝန်ဆောင်မှုများတိုးမြှင့်တင်ပို့ခြင်းတို့ကြောင့် ဈေးကွက်မှမျှော်မှန်းထားသည်ထက် များစွာနိမ့်ကျလျက်ရှိသည်ဟုဆိုသည်။ သို့သော် ၂၀၂၃ ဘဏ္ဍာနှစ်၏ CAD သည် GDP ၏ ၂ ရာခိုင်နှုန်းရှိပြီး ၂၀၂၂ ဘဏ္ဍာနှစ်က GDP ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ မတ်လသုံးလပတ်အတွင်း နိုင်ငံခြားမှ ငွေလွှဲပြောင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ၂၀၂၁-၂၂ ခုနှစ် စတုတ္ထသုံးလပတ်ထက် ၂၀ ရာခိုင်နှုန်း နီးပါးမြင့်မားခဲ့သည်။

အိန္ဒိယဗဟိုဘဏ်မှထုတ်ပြန်သော အချက်အလက်များအရ မတ်လသုံးလပတ်အတွင်း သာမန်စာရင်းလိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံအထိ နည်းပါးသွားသည်ဟု ခန့်မှန်းထားသည်။ ၎င်းမှာ GDP ၏ ၀ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး၊ လွန်ခဲ့သောနှစ် ကာလတူတွင် ၁၃ ဒသမ ၄ ဘီလီယံ၊ ခန့်မှန်းခြေ GDP ၏ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အဆိုပါနှစ်တွင် သွင်းကုန်နှင့် ဝန်ဆောင်မှုပို့ကုန်များ နှေးကွေးလာကာ ကုန်သွယ်မှုလိုငွေ ကျဉ်းမြောင်းလာခြင်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ တစ်နှစ်တာလုံးအတွက် CAD သည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် ၃၈ ဒသမ ၇ ဘီလီယံ၊ GDP ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် GDP ၏ ၂ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၈ ဘီလီယံသို့ တိုးမြင့်လာခဲ့သည်။

ယင်းသည် ကုန်သွယ်မှုလိုငွေမြင့်မားခြင်းအပေါ် အများဆုံးတည်မှီလျက်ရှိပြီး၊ ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ယခုနှစ်တွင် ဒေါ်လာ ၂၆၅ ဘီလီယံအထိ ကျယ်ပြန့်လာမည်ဟု ခန့်မှန်းထားသည်။ သာမန်စာရင်းလက်ကျန်ငွေသည် ပို့ကုန်နှင့်သွင်းကုန်၊ ပြည်တွင်းနှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတွင်းနှင့်နိုင်ငံပြင်ပသို့ ငွေလွှဲပြောင်းမှုများအကြားကွာဟချက်ကို တိုင်းတာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပငွေပေးငွေယူစာရင်းလက်ကျန်(BoP)အရ ယခုသုံးလပတ်တွင် အမေရိကန် ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံ ပိုငွေပြလျက်ရှိပြီး ယခင်သုံးလပတ်က ပိုငွေဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်း သိရသည်။ ယခင်နှစ် ကာလတူတွင် ဒေါ်လာ ၁၆ ဘီလီယံ လိုငွေပြခဲ့သည်ဟုဆိုသည်။ ကုန်စည်ဈေးနှုန်းများ ကျဆင်းနေမှုကိုကြည့်၍ နောက်ထပ်တိုးတက်မှုများ ရှိလာမည်ဟုမျှော်လင့်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာတိုးတက်မှု အားနည်းလျက်ရှိသဖြင့် နိုင်ငံ၏ကုန်ပစ္စည်းတင်ပို့မှု ကျဆင်းနေမည်ဟုယူဆကြောင်း၊ ယေဘုယျအားဖြင့် ၂၀၂၄ ဘဏ္ဍာနှစ်အတွက် CAD ကို ၁ ဒသမ ၂၁ ၊ GDP ၏ ၆ ရာခိုင်နှုန်းအတွင်းရှိမည်ဟု မျှော်လင့်ထားကြောင်း Baroda ဘဏ်မှ စီးပွားရေးပညာရှင် Aditi Gupta က ပြောကြားခဲ့သည်။

Crisil မှ ဘောဂဗေဒပညာရှင် DK Joshi က ကုန်စည်ကုန်သွယ်မှုလိုငွေပြမှုသည် တစ်ဖန်ပြန်လည်ကျယ်ပြန့်လာခဲ့ပြီး၊ ဝန်ဆောင်မှုကုန်သွယ်မှု၏ ပိုငွေအနည်းငယ်လျော့ကျသွားသောကြောင့် ၂၀၂၄ ခုနှစ် ပထမလေးလပတ်တွင် CAD မြင့်တက်လာဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေသော အိန္ဒိယလူမျိုးများ၏ ပြည်တွင်းသို့ ငွေလွှဲပြောင်းမှုများသည် ပထမဆုံးအကြိမ်အဖြစ် ပုဂ္ဂလိကငွေလွှဲပြောင်းမှု အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကို ဖြတ်ကျော်သွားခဲ့ကြောင်း သိရသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အမေရိကန်မှ နည်းပညာရှင်များနှင့် ပါရှန်းပင်လယ်ကွေ့ရှိ အလုပ်သမားများက ပြည်တွင်းမှ ၎င်းတို့၏မိသားစုဝင်များထံသို့ ပေးပို့သည့်ငွေပမာဏစုစုပေါင်း ဒေါ်လာ ၁၁၂ ဘီလီယံကျော်ရှိကြောင်း ယခုလ ၂၇ ရက်နေ့က အိန္ဒိယဗဟိုဘဏ်(RBI)က ထုတ်ပြန်သောအချက်အလက်များတွင် ဖော်ပြထားသည်။

ဘောဂဗေဒပညာရှင်များနှင့် ဗဟိုဘဏ်တို့က အိန္ဒိယနိုင်ငံ၏ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း စီးဆင်းမှုအပေါ် အပြုသဘောယူဆလျက်ရှိကြပြီး၊ အမေရိကန်နှင့်ဥရောပတို့၏ စီးပွားရေးနှေးကွေးလာမှုက ငွေလွှဲလုပ်ငန်းများအပေါ် သက်ရောက်မှုမရှိနိုင်ဟု ခုခံခြေပပြောဆိုလျက်ရှိကြောင်း သိရသည်။

**Source: The Times of India**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2030062023%2018:%2015

## ရုရှားသည် ကမ္ဘာ့စားနပ်ရိက္ခာတင်ပို့မှု ထိပ်တန်း ၂၀ စာရင်းထဲသို့ ပြန်လည်ဝင်ရောက်လာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာတင်ပို့မှု ထိပ်တန်းနိုင်ငံ ၂၀ စာရင်းထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး အဆင့် ၁၇ နေရာ၌ ရပ်တည်ကာ ၎င်း၏အစုရှယ်ယာကို ၂.၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ "Agroexport" ဖက်ဒရယ်ဌာနမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

စားနပ်ရိက္ခာထုတ်ကုန်များနှင့် စိုက်ပျိုးရေးကုန်ကြမ်းများ အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံများတွင် ရုရှားသည် အဆင့် ၁၇ နေရာ၌ ရပ်တည်နေပြီး ၎င်း၏ရှယ်ယာကို ၂.၁ ရာခိုင်နှုန်းထိ တိုးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုထိပ်တန်းနိုင်ငံ ၂၀ စာရင်းများအနက် ရုရှားနိုင်ငံသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း တင်ပို့မှုပမာဏမှာ ၂.၅ ဆဖြင့် အများဆုံးတိုးတက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် ရလဒ်များအရ ရုရှား၏လယ်ယာထွက်ကုန်တင်ပို့မှုသည် ၁၂ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၄၁.၆ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ရုရှားနိုင်ငံ၏ တင်ပို့ရောင်းချမှုမှရရှိသည့် ဝင်ငွေသည် ကောက်ပဲသီးနှံတင်ပို့မှုတွင် ၁၈ ရာခိုင်နှုန်း၊ အဆီနှင့်ဆီထုတ်ကုန်တင်ပို့မှုတွင် ၂၅ ရာခိုင်နှုန်း၊ အသားထုတ်ကုန် ၂၃ ရာခိုင်နှုန်း၊ စားသောက်ကုန်နှင့်စက်မှုကုန်ထုတ်လုပ်ငန်းများ ၁.၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ်တွင် ငါးနှင့်ပင်လယ်စာတင်ပို့မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၂ ရာခိုင်နှုန်းနှင့် နို့ထွက်ပစ္စည်းများတင်ပို့မှုမှာ ၁.၉ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းသွားခဲ့ကြောင်း Agroexport က မှတ်ချက်ပြုခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် စိုက်ပျိုးရေးထုတ်ကုန်များ အများဆုံးတင်ပို့သူအဖြစ် ၎င်း၏နေရာကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံခြားဈေးကွက်များသို့ ရောင်းချမှုကို ၉.၁ ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၁၉၃ ဘီလီယံအထိ တိုးမြှင့်လာခဲ့သည်။ ဒုတိယနေရာတွင် ဘရာဇီးနိုင်ငံသည် ပို့ကုန်များကို ၃၅ ရာခိုင်နှုန်းဖြင့်တိုး၍ အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံအထိ တိုးမြှင့်နိုင်ခဲ့သည်။ နယ်သာလန်နိုင်ငံသည် ဒုတိယနေရာမှ တတိယနေရာသို့ ကျဆင်းခဲ့ပြီး ကမ္ဘာ့အကြီးဆုံးကုန်ပစ္စည်း

တင်ပို့သူ ၅ နိုင်ငံစာရင်းထဲတွင် ဂျာမနီနှင့်တရုတ်တို့သည်လည်း ပါဝင်သည်။

**Source :** https://tass.ru/ekonomika/18127777

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2030062023%2018:%2027

## STOCK EXCHANGE (3.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 142,655 (Shares) | 278,906,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 3,307 | 26,456,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 7,150 | 20,377,500 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 67 | 482,400 | 10,400,986 | 74,887 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,203 | 1,753,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,350 | -100 | -4.08% | 2,350 | 2,350 | 2,350 | 125 | 293,750 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +50 | +2.08% | 2,350 | 2,450 | 2,350 | 20 | 48,000 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,750 | 112,473 | 202,946,450 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.86 | -1.00 | -0.28% | 354.57 | 355.70 | 353.73 | 124,345 | 252,357,100 | 8 | 669,333 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Jul. 2023

| Trading Volume | Trading Value |
|---|---|
| 142,655 (Shares) | 278,906,600 (MMK) |

### Main Board

As of 1:00 pm, 3rd Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 142,655 (Shares) | 278,906,600 (MMK) |

| MYANPIX | 354.86 ▼ 1.00 |
|---|---|
| Total Volume (shares) | 124,345 |
| Total Value (MMK) | 252 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,333 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,350 | ▼ 100 |
| EFR | 00006 | 2,450 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 50 |

TIR